# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan(VDP)

## ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ကဇင်းကြီးအုပ်စု၊ သဗ္ဗရာအင်းကြီးကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုးချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ကဇင်းကြီးကျေးရွာအုပ်စုပြမြေပုံ




ကဇင်းကြီးကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း** (ကဇင်းကြီးကျေးရွာအုပ်စု)

၁. ရှမ်းတောင်ယာကျေးရွာ

၂. သဥ္ဇရာအင်းလေးကျေးရွာ

၃. သဥ္ဇရာအင်းလေးကွက်သစ်ကျေးရွာ

**၄. သဥ္ဇရာအင်းကြီးကျေးရွာ**

၅. ကဇင်းကြီးကျေးရွာ

၆. ကြိုးကြာတန်းကျေးရွာ

ကဇင်းကြီးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၆)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. သဒ္ဓမ္မရာအင်းကြီးကျေးရွာ၏အခြေခံအချက်အလက်များ

သဒ္ဓမ္မရာအင်းကြီးကျေးရွာသည် ကြံခင်း၊ ဆိပ်သာ ကားလမ်းမဘေးတွင် တည်ရှိပြီး၊ ကြံခင်းမြို့နှင့် (၆) ဖာလုံခန့်ကွာဝေးသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ အိမ်ထောင်စု(၉၄) အိမ်ထောင်စုရှိ၍ လူဦးရေ(၃၃၁) ဦးတို့နေထိုင်ကြပါသည်။ တစ်ရွာလုံးမှာ ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများ ဖြစ်ကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်း၊ မူကြိုကျောင်းမရှိသဖြင့် ကဇင်းကြီးကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ ဘာသာရေး အဆောက်အဦများအနေဖြင့် စေတီ၊ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံတို့ ရှိသည်ကိုတွေ့ရပါသည်။

ကျေးရွာအတွင်းတွင် လက်သမား၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ရေပိုက်သွယ်သူ၊ စက်ပြင်ဆရာတို့ရှိသည်ကို သိရှိရပါသည်။

ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းမတိုင်မီ (၂၀၁၁) ခုနှစ်မှစ၍ World Vision အဖွဲ့အစည်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေသည်ကို သိရှိရပါသည်။

သဒ္ဓမ္မရာအင်းကြီးကျေးရွာသည် နှစ်စဉ် ရေလွှမ်းမိုးမှုဒဏ်ခံစားရသော ကျေးရွာတစ်ရွာဖြစ်သည်ကို သိရပါသည်။

## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၆-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၁ | ၇ | ၁၈ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၄ | ၁၀ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၆-၉-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ် နွမ်းပါးအုပ်စုများ | ၅ | ၆ | ၁၁ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၁၀ | ၁၂ | ၂၂ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၁၁ | ၁၀ | ၂၁ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၄ | ၃၁ | ၅၅ | -အရင်းမြစ်များပေါ် တွင်(အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၄ | ၃၁ | ၅၅ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၄ | ၃၁ | ၅၅ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာ ဦးစားပေးလုပ်ငန်း | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ<br>ရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၂၄ | ၃၁ | ၅၅ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်၊လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- **ဒေသတွင်း သဘာဝအရင်းအမြစ်များအနေဖြင့်** လယ်ကွင်း၊ ကိုင်း၊ ရောဝတီမြစ်လက်တက်တို့ ရှိသည်ကို တွေ့ရပါသည်။ ရေကန်၊ ရေတုံကင်များ ရှိ၍ သောက်သုံးရေဖူလုံသော ကျေးရွာဖြစ်သည်ကို တွေ့ရပါသည်။ နှစ်စဉ် ရောဝတီမြစ်မှ ရေလျှံ၍ သဘာဝဘေးအန္တရာယ် ခံစားရသော ကျေးရွာတစ်ရွာဖြစ်ကို သိရပါသည်။
- **လူမှုအဆောက်အဦများအနေဖြင့်** ကျေးရွာတွင် ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ စေတီတို့ရှိသည်ကို တွေ့ရပါသည်။ မူလတန်းကျောင်း၊ မူကြိုကျောင်းမရှိသဖြင့် ကဇင်းကြီးကျေးရွာသို့ သွားရောက် ပညာသင်ကြားကြရပါသည်။
- **လမ်းပန်းဆက်သွယ်ရေးအနေဖြင့်** ကျေးရွာမှာ ကြံခင်း- ဆိပ်သာလမ်းမကြီးဘေးတွင် တည်ရှိ၍ ကြံခင်းမြို့နှင့် (၁.၅) မိုင်ခန့် ကွာဝေးပြီး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာ တစ်ရွာဖြစ်သည်။ ရွာတွင်းလမ်းမှာ ချောင်းကျောက်ခင်းလမ်း ဖြစ်သည်။
- **ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး** ကျေးရွာတွင် မူလတန်းကျောင်းမရှိခြင်း၊ မြို့နှင့် အနည်း ငယ်အလှမ်းဝေးခြင်းတို့ကြောင့် ပညာသင်ကြားရာတွင် အနည်းငယ် အခက်အခဲရှိသည်ကို တွေ့ရပါသည်။ ကျန်းမာရေး ဆေးပေးခန်းမရှိ၍ ကြံခင်းမြို့သို့ သွားရောက် ဆေးကုသကြရပါ သည်။ လယ်၊ ကိုင်း တို့ကို အဓိကထားလုပ်ကိုင်ကြသော တောင်ယာစိုက်ပျိုးသမား များဖြစ် ကြကြောင်း သိရပါသည်။
- **ကျေးရွာသည် လူထုဗဟိုပြုစီမံကိန်း၊ ပထမနှစ်စက်ဝန်းတွင် ဆောင်ရွက်ပေးခဲ့သော ရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းတစ်ခုရရှိခဲ့ပြီး ဒုတိယနှစ်စက်ဝန်းတွင် စီမံကိန်းလုပ်ငန်း တစ်နှစ်နားခဲ့သော ကျေးရွာ ဖြစ်ပါသည်။**
- **ယခု တတိယနှစ်စက်ဝန်းတွင် ဒုတိယနှစ်မှ ဆွေးနွေးခဲ့သော အကြောင်းအရာများနှင့် အခြား လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ ထပ်တိုးပြောင်းလဲခြင်းများ မရှိခဲ့ပါ။**
- **ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက် (တတိယနှစ်စက်ဝန်း)**
    - ကျေးရွာတွင် လျှပ်စစ်မီးလင်းရေး
    - ဘက်စုံသုံးခန်းမ
    - ကျန်းမာရေးဆေးပေးခန်း
    - အသေးစားချေးငွေများ
    - ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
    - အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>





ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- တပေါင်း၊ တန်ခူးလများသည် အပူဆုံးလများဖြစ်၍ နယုန်လမှစတင်ကာ သီတင်းကျွတ်လအထိ မိုးရွာသွန်းနေသည်ကို တွေ့ရပါသည်။ တန်ဆောင်မုန်းလမှ တပို့တွဲလများသည် နှင်းများကျ၍ ချမ်းအေးသော ဆောင်းရာသီဖြစ်ကြောင်း တွေ့ရပါသည်။
- တန်ခူး၊ ကဆုန်လများတွင် ကိုင်း၊ ပဲ၊ သီးနှံနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ ဆောင်းရာသီတွင် မတ်ပဲ ကို အဓိကစိုက်ပျိုးကြပါသည်။ စပါး၊ မတ်ပဲ ရောင်းရသော တပို့တွဲ၊ တပေါင်းလများသည် ဝင်ငွေ အကောင်းဆုံးရသော လများဖြစ်သည်ကို တွေ့ရပါသည်။ စပါးစိုက် ချိန်၊ မတ်ပဲ နှုတ်ချိန်များတွင် ဝင်ငွေကောင်းသည်ကို တွေ့ရပါသည်။
- တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်များ ကျင်းပကြသည်ကိုတွေ့ရှိရပါသည်။
- ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ သွေးလွန်တုတ်ကွေးရောဂါများ ဖြစ်လေ့ရှိပြီး ကျန်လများတွင် ကျန်းမာရေးကောင်းမွန်မှုရှိကြသည်ကို တွေ့ရှိရပါသည်။
- ဒေသထွက်အစားအစာ အနေဖြင့် နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် ပြောင်းဖူး၊ သခွါး၊ ခရမ်းသီး စသော အသီးအနှံများပေါများစွာ ထွက်ရှိသည်ကို တွေ့ရပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဉ္ဇာရာအင်းကြီး ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည်နှစ်စဉ်တွေ့ကြုံနေကြအတိုင်း ပြောင်းလဲခြင်းမရှိပါ။**

### ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



ဥစ္စာဓနကြွယ်ဝမှု ဇယား

18.12.16

ကရင်းကြီးအုပ်စု၊ သဒ္ဒါရာအင်းကြီးကျေးရွာ

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | တိုက်ခံအိမ်၊ သွပ်မိုး၊ မြစ်ထောင်အိမ်၊ ရာဂုပ်ကက်၊ ဆိုင်ကယ်၊ နွား (၁) ရှဉ်း၊ လှည်း၊ လယ် (၅) ဧက၊ ကိုင်း (၅) ဧက၊ တက္ကသိုလ်ပြီးသည်ထိကျောင်းထားနိုင်၊ အကြွေးအနည်းငယ်ရှိ။ တစ်နှစ်လုံးပုံမှန်နေထိုင် | ၁၃ | ၁၃.၅၄% / ၁၃.၈၃% |
| အလယ်အလတ် (အသင့်အတင့်) အုပ်စု | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး၊ ရာဂုပ်ကက်၊ ဆိုင်ကယ်၊ နွား (၁) ရှဉ်း၊ လှည်း၊ ကိုင်း (၂) ဧက၊ လယ် (၂) ဧက၊ အထက်တန်းအောင်သည်ထိကျောင်းထားနိုင်၊ အကြွေးအသင့်ရှိ တစ်နှစ်လုံးပုံမှန်နေထိုင်။ | ၂၃ | ၂၃.၉၆% / ၂၄.၄၆% |
| မပြေလည်သောအုပ်စု | ကြမ်းခင်း၊ ထရံကာ၊ သက်ကယ်မိုး၊ ဆိုင်ကယ်၊ ဈေးရောင်းလုပ်ငန်းလုပ်ကိုင်၊ အလယ်တန်းအောင်သည်ထိကျောင်းထားနိုင်၊ အကြွေးအသင့်ရှိ။ တစ်နှစ်လုံးပုံမှန်နေထိုင်။ | ၃၇ | ၃၈.၅၄% / ၃၉.၃၆% |
| ချွမ်းပါးသောအုပ်စု | ဝါးအိမ်၊ သက်ကယ်မိုး၊ စက်ဘီး၊ နေ့စားလုပ်ငန်း၊ မူလတန်းအောင်သည်ထိကျောင်းထားနိုင်၊ အကြွေးအနည်းငယ်ရှိ၊ တစ်နှစ်လုံးပုံမှန်နေထိုင်။ | ၂၃-၂ / ၂၁ | ၂၃.၉၆% / ၂၂.၃၄% |
| | စုစုပေါင်း | ၉၆-၂ / ၉၄ | ၁၀၀% |

စည်းရုံးရေးမှူး - ဒေါ်ကြည်ကလင်း

ပါဝင်ဆွေးနွေးသူ - ကျား (၅) ဦး၊ မ (၆) ဦး

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- သဒ္ဓမ္မရာအင်းကြီးကျေးရွာ၏ လူနေမှုအဆင့်များကို (က၊ ခ၊ ဂ၊ ဃ) ဟူ၍ အဆင့်(၄) ဆင့်သတ်မှတ် ပြီး ရေးဆွဲခဲ့ပါသည်။
- သဒ္ဓမ္မရာအင်းကြီးကျေးရွာတွင် ချမ်းသာသောအုပ်စု၊ (က) အုပ်စုမှာ (၁၃) အိမ်ထောင်စုရှိပြီး၊ တိုက်ခံအိမ်၊ ရေစုပ်စက်၊ ဆိုင်ကယ်၊ လယ်(၅) ဧက၊ ကိုင်း(၅) ဧက၊ နွား(၁) ရှဉ်း၊ လှည်း တို့ကို ပိုင်ဆိုင်ကြပြီး၊ သားသမီးများအား တက္ကသိုလ်ဘွဲ့ရနိုင်သည်အထိ ကျောင်းထားနိုင်ကြကြောင်း သိရပါသည်။
- အသင့်အတင့်အုပ်စု၊ (ခ) အုပ်စုမှာ အိမ်ထောင်စု (၂၃) ရှိပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး၊ ဆိုင်ကယ်၊ ရေစုပ်စက်၊ လယ်(၂) ဧက၊ ကိုင်း(၂) ဧက၊ နွား(၁) ရှဉ်း၊ လှည်း စသည်တို့ ပိုင်ဆိုင်ကြပြီး သားသမီးများအား အထက်တန်း အောင်သည်ထိ ပညာရေး ထောက်ပံ့ပေးနိုင်ပြီး အကြွေးအသင့် အတင့်ရှိ ကြောင်းတွေ့ရပါသည်။
- မပြေလည်သောအုပ်စု၊ (ဂ) အုပ်စုမှာ (၃၇) အိမ်ထောင်စုရှိပြီး၊ ကြမ်းခင်း၊ ထရံကာ၊ သက်ကယ်မိုး၊ ဆိုင်ကယ်၊ စျေးရောင်းလုပ်ငန်း လုပ်ကိုင်ကြပြီး သားသမီးများအား အလယ်တန်းပညာရေး အထိ ကျောင်းထားနိုင်ကြောင်း သိရပါသည်။
- နွမ်းပါးသောအုပ်စု၊ (ဃ) အုပ်စုမှာ (၂၁) အိမ်ထောင်စုရှိပြီး၊ ဝါးအိမ်၊ သက်ကယ်မိုး၊ စက်ဘီး၊ နေ့စားလုပ်ငန်း လုပ်ကိုင်ကြပြီး၊ သားသမီးများအား မူလတန်းအောင်သည်ထိ ကျောင်းထားနိုင်၊ အကြွေးအနည်းငယ်ရှိကြောင်း သိရပါသည်။
- အချုပ်အားဖြင့် ဆိုရလျှင် ကျေးရွာတွင် နေထိုင်ကြသော မည်သည့်အဆင့် အိမ်ထောင်စုများမှ ဖြစ်စေ မိမိတို့ သားသမီးများအား မိမိတို့တတ်နိုင်သလောက် ပညာရေးသင်ကြားမှုများကို ကြိုးစားအားပေးမှုများ ပြုလုပ်ကြကြောင်း သုံးသပ်သိရှိရပါသည်။
- ကျေးရွာ၏ လူမှုစီးပွားအဆင့်သတ်မှတ်ချက်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာ၏ ကွဲပြားသော အုပ်စု အခြေအနေများကို သိရှိနားလည်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အုပ်စုအားလုံး ပါဝင်လာစေရန် အထောက်အကူ ပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။
- **ယခုတတိယနှစ်စက်ဝန်းတွင် သဒ္ဓမ္မရာအင်းကြီး ကျေးရွာ၏ ဥစ္စာဓန ကြွယ်ဝမှုဇယား၊ လူမှုစီးပွားအဆင့်(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) ဖော်ပြမှုတွင် ဒုတိယနှစ်မှ ဆွေးနွေးထားသော အကြောင်းအရာများ၊ သုံးသပ်ချက်များအတိုင်းပင်ဖြစ်ပြီး၊ အသစ်ထပ်တိုးပြောင်းလဲမှုမရှိပါ။ အိမ်ခြေ အတိုး၊ အလျော့အနည်းငယ်သာ ရှိပါသည်။**

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- ကျေးရွာအတွင်းတွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ ကျေးရွာမီးလင်းရေး ကော်မတီ၊ ဂေါပကအဖွဲ့၊ ကောက်စိုက်မ အဖွဲ့၊ ပရိတ်အသင်းအဖွဲ့၊ ကျေးရွာလူငယ်ဖွံ့ဖြိုးရေးအဖွဲ့၊ ငွေစုငွေချေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့ တို့ရှိကြပြီး၊ အုပ်ချုပ်ရေးအဖွဲ့မှာ အင်အားအကြီးဆုံးဖြစ်ပါသည်။
- အုပ်ချုပ်ရေးအဖွဲ့မှာ ပြင်ပရှိ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ဖြင့်လည်းကောင်း၊ ကျေးရွာ လူထုဗဟိုပြု စီမံကိန်းအဖွဲ့မှာ မြို့နယ်လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ မြို့နယ်ကျေးလက်ဦးစီးဌာန အဖွဲ့ဖြင့်လည်း ကောင်း၊ ကျေးရွာကျန်းမာရေး အဖွဲ့နှင့် ကျေးရွာငွေစုငွေချေးအဖွဲ့မှာ မြို့နယ် World Vision အဖွဲ့ဖြင့်လည်းကောင်း၊ ကျေးရွာအရံမီးသတ်အဖွဲ့မှာ မြို့နယ် EPC အဖွဲ့ဖြင့် လည်းကောင်း အသီး သီးချိတ်ဆက် ဆောင်ရွက်မှုပြုလုပ်ကြကြောင်း သိရှိရပါသည်။
- အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံအား ရေးဆွဲခြင်းအားဖြင့် ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပ အဖွဲ့အစည်းများ အသီးသီးချိတ်ဆက် ဆောင်ရွက်ကြမှု၊ အင်အားကြီး အဖွဲ့အစည်းများ၊ အင်အားသေး အဖွဲ့အစည်းများကို ကြည့်ပြီး ကျေးရွာတွင် အကြောင်းကိစ္စ ကြီး/ငယ် ပေါ်ပေါက်ပါက ကျေးရွာသူ/ ကျေးရွာသားများ ဆက်သွယ် ဆောင်ရွက်တတ် ကြစေရန် ရည်ရွယ်ရေး ဆွဲခဲ့ပါသည်။
- ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများကို သိရှိခြင်းအားဖြင့် ကျေးရွာ၊ အုပ်စု၊ မြို့ နယ် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မတူညီသောအဖွဲ့အစည်းများ၊ မတူညီသော သတင်း အချက်အလက်များကို တပြေးညီဆောင်ရွက်သိရှိနိုင်ပြီး၊ ပိုမိုဖွံ့ဖြိုးအောင်မြင် လိမ့်မည် ဟု သိမြင် ခံစားမိပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သုမ္မရာအင်းကြီး ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြမြေပုံ( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် ထပ်တိုး ပြောင်းလဲချက်များ မရှိပါ။ ကျေးရွာတွင်းအဖွဲ့ အစည်းများလည်း ထပ်တိုးခြင်း၊ လျော့နည်းခြင်းများ မရှိပါ။**

### ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်






အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- အရင်းအမြစ်ပိုင်ဆိုင်မှု၊ အသုံးပြုမှုတို့တွင် သဒ္ဓမ္မရာအင်းကြီးကျေးရွာ၏ အမျိုးသားများသည် လယ် ထွန်စက်၊ နွား၊ လှည်း၊ ထော်လာဂျီများကို သီးသန့်အသုံးပြုကြပြီး ၎င်းပစ္စည်းများကို အမျိုးသား များမှ ပိုင်ဆိုင်ထိန်းချုပ်မှုပြုကြောင်း ထုတ်ဖော်ဆွေးနွေးကြပါသည်။
- အမျိုးသမီးတို့မှာ အပ်ချုပ်စက် (၁) မျိုးတည်းသာ အသုံးပြုနေကြပြီး ၎င်းအပ်ချုပ်စက်ကိုသာ ပိုင်ဆိုင်ထိန်းချုပ်မှုပြုကြကြောင်း ထုတ်ဖော်ဆွေးနွေး ကြပါသည်။
- အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံး အသုံးပြုနေသော လယ်/ ယာ၊ ဆိုင်ကယ်/ စက်ဘီး၊ လမ်း/ တံတား၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ စသည်များကို အမျိုးသား/ အမျိုးသမီး နှစ်ဦးစလုံးပင် အတူထိန်းချုပ် ပိုင်ဆိုင်ကြပါသည်ဟု ထုတ်ဖော်ဆွေးနွေးကြပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဒ္ဓမ္မရာအင်းကြီး ကျေးရွာ၏ အရင်းအမြစ်များ အသုံးပြုမှု၊ ထိန်း ချုပ်မှု(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် စီမံကိန်းဒုတိယနှစ်မှ ဆွေးနွေးမှုများ အတိုင်းဖြစ် ပြီး အသစ်ထပ်တိုးပြောင်းလဲမှုများ မရှိပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- သဒ္ဒမ္မရာအင်းကြီးကျေးရွာ၏ အမျိုးသားနှင့် အမျိုးသမီးတို့၏ ပညာရေး လက်လုပ်မီမှု၊ လူမှုရေး ကိစ္စရပ်များတွင် ပါဝင်မှုတို့တွင် ကွာခြားမှုမရှိသည်ကို တွေ့ရပါသည်။
- အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိမှု တို့တွင် အမျိုးသားများသည် အမျိုးသမီးများထက် ရာခိုင်နှုန်းသာလွန်နေသည်ကို တွေ့ရပါသည်။
- အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်မှု၊ အဖွဲ့အစည်းများတွင် ပါဝင်မှုတို့တွင် အမျိုးသမီးများသည် အမျိုးသားများ နည်းတူ ပညာသင်ခွင့် ရရှိသော်လည်း ၎င်းအဖွဲ့အစည်းများတွင် ပါဝင်မှု အားနည်းနေ သေးကြောင်း သိရှိရပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်များစွာပေးရသောကြောင့် အဖွဲ့အစည်း များနှင့် ချိတ်ဆက်မှု၊ အုပ်ချုပ်ရေးတို့တွင် ပါဝင်မှုအားနည်းနေခြင်းဖြစ်သည်ဟု သုံးသပ်မိပါ သည်။
- ပင့်ကူအိမ်ကွန်ယက်ကို သုံးသပ်ခြင်းဖြင့် အမျိုးသား၊ အမျိုးသမီးတို့၏ ကွာခြားချက်များကို သိရှိ နိုင်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီး တန်းတူပါဝင်လာစေရန် အထောက်အကူပြုလိမ့်မည်ဟု သုံးသပ်မိပါသည်။
- **ယခုတတိယနှစ်စက်ဝန်းတွင် သဒ္ဒမ္မရာအင်းကြီး ကျေးရွာ၏ ပင့်ကူအိမ်ကွန်ယက်( ဆွေးနွေးချက် နှင့် ဆန်းစစ်ချက်) သည် အသစ်ထပ်မံ ပြောင်းလဲခြင်းမရှိခဲ့ပါ။**

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်</u>





အခက်အခဲ ပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- ကျေးရွာ၏ အခက်အခဲ၊ ပြဿနာများကို အမျိုးသားနှင့် အမျိုးသမီး အဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ရာ အမျိုးသားများမှ ဖော်ထုတ်ခဲ့သော အခက်အခဲများမှာ လျှပ်စစ်မီးမရှိခြင်း၊ နှစ်စဉ်မြစ်ရေလျှံခြင်း၊ နှစ်စဉ်လယ်မြေများ ရေမြုပ်ခြင်း၊ ပညာရေးအတွက် ထောက်ပံ့မှုနည်းပါးခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးထုတ်ဖော်ခဲ့ကြပါသည်။
- အမျိုးသမီးများမှ ငွေကြေးမပြည့်စုံခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ လျှပ်စစ်မီးမရှိခြင်း၊ ဆေးပေးခန်းမရှိခြင်း၊ ဈေးငွေမလုံလောက်ခြင်း စသည့်အခက်အခဲများကို ဆွေးနွေးထုတ်ဖော်ခဲ့ကြပါသည်။
- **ယခု တတိယနှစ်စီမံကိန်း စက်ဝန်းတွင်** သဒ္ဒမ္မရာအင်းကြီးကျေးရွာ၏ အခက်အခဲ၊ ပြဿနာများ ဆွေးနွေးချက်သည် ထပ်မံပြောင်းလဲမှု မရှိပါ။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဇ) ကျေးရွာမျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်</u>





ကျေးရွာမျှော်မှန်းချက်

**<u>ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက် )</u>**

- သဒ္ဒရာအင်းကြီးကျေးရွာ၏ မျှော်မှန်းချက်များကို အမျိုးသားနှင့် အမျိုးသမီး အုပ်စုခွဲ၍ ဖော်ထုတ် ကြရာတွင် မိမိတို့ကျေးရွာ၏ အခက်အခဲများအပေါ် မူတည်ပြီး ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။
- အမျိုးသားနှင့် အမျိုးသမီးတို့၏ တူညီသော အလုပ်အကိုင်၊ အခွင့်အလမ်း ပေါ်များရန် ဟူသော မျှော်မှန်းချက်ဖြစ်သည်ကို တွေ့ရပါသည်။
- အမျိုးသားများ၏ မျှော်မှန်းချက်များမှာ လျှပ်စစ်မီးလင်းရန်၊ စာကြည့်တိုက် ဆောက်လုပ်ရန်၊ ကလေးများပညာရေး ကောင်းမွန်ရန်၊ ရွာတွင်းလမ်းများ ကောင်းမွန်ရန် တို့ဖြစ်သည်ကိုတွေ့ရပါ သည်။
- အမျိုးသမီးများ၏ မျှော်မှန်းချက်များမှာ အိုးအိမ်/ တိုက်တာများဖြင့် ပြည့်စုံရန်၊ ဆေးပေးခန်း ရရှိ ရန်၊ တစ်ရွာလုံး ငွေကြေးပြည့်စုံရန်၊ လမ်းများကောင်းမွန် တို့ဖြစ်သည်ကို တွေ့ရပါသည်။
- **ယခု တတိယနှစ် စက်ဝန်းတွင်** ကျေးရွာမျှော်မှန်းချက် အသစ်ထပ်မံ ထုတ်ဖော်မှု မရှိခဲ့ပါ။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၅) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

**<u>ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

- ကျေးရွာ၏ လူမှုဆန်းစစ်ချက်များ၊ အခက်အခဲ၊ မျှော်မှန်းချက်များပေါ် မူတည်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။
- အမျိုးသားတို့သည် မီးလင်းရေး( ဓာတ်တိုင်၊ မီးကြိုး၊ လက်ရန်း၊ ကြွေသီး)၊ စာကြည့်တိုက်၊ စိုက်ပျိုးရေးအတွက် နည်းပညာ/ စက်ပစ္စည်းအထောက်အပံ့ စသည့်လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။
- အမျိုးသမီးများမှ အသေးစားချေးငွေ၊ ဘက်စုံသုံးခန်းမ စသည့်လုပ်ငန်းများကိုဆွေးနွေးဖော်ထုတ်ကြပါသည်။
- **ယခုတတိယနှစ်စက်ဝန်းတွင် သဲ္ဘမှုရာအင်းကြီး ကျေးရွာမှ** ဘက်စုံသုံးခန်းမလုပ်ငန်း(၁) ခုကိုသာ တောင်းဆိုဆန္ဒပြုကြပါသည်။
- **ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ရာတွင်လည်း**
    - **ဦးစားပေးလုပ်ငန်းအဆင့်(၁) ဘက်စုံသုံးခန်းမလုပ်ငန်း တစ်ခုသာထွက်ရှိခဲ့ကြပါသည်။**

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကဇင်းကြီး ကျေးရွာ။ ။ သ္သမှရာအင်းကြီး

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၆- ၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးအောင်မင်း | ၀၉၇၉၅၅၁၃၁၇၁ | ၂၀၁၈ |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ခင်ဝင်းချို | ၀၉၄၂၂၅၄၁၈၃၆ | ၂၀၁၈ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးမြင့်ဦး | ၀၉၂၆၀၉၂၂၇၁၀ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဒေါ်အေးအေးသက် | - | ၂၀၁၆ |
| ၅ | | အဖွဲ့ဝင် | ဦးနိုင်ဦး | ၀၉၂၅၀၁၃၁၈၁၇၈ | ၂၀၁၈ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သီတာမွန် | ၀၉၂၅၀၉၀၄၂၅၈ | ၂၀၁၇ |
| ၇ | | အဖွဲ့ဝင် | ဦးမြအေး | - | ၂၀၁၈ |
| ၈ | | အဖွဲ့ဝင် | ဦးမြကြိုင် | ၀၉၂၅၆၄၀၅၄၁၀ | ၂၀၁၈ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတင်ဌေးဦး | ၀၉၄၂၃၈၃၁၆၂၇ | ၂၀၁၆ |
| ၁၀ | | အဖွဲ့ဝင် | ဦးဝင်းတင် | ၀၉၄၂၂၄၅၈၁၉၅ | ၂၀၁၆ |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်စန်းဌေး | ၀၉၇၈၇၂၈၁၈၅၄ | ၂၀၁၆ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်အေးမာလာ | ၀၉၄၂၂၄၉၄၂၂၁ | ၂၀၁၆ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးအေးသန်း | - | ၂၀၁၆ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဥမ္မာ | - | ၂၀၁၈ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန့်ဇင်ဦး | ၀၉၂၆၀၉၀၃၄၀၃ | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အိဇင်ဖြိုး | ၀၉၇၆၆၈၇၉၃၃၅ | ၂၀၁၈ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်အေးသီတာ

လက်ထောက်နည်းပညာမှူး - ဒေါ်အိသန္တာအောင်

## ၉. ကျေးရွာအချက်အလက် (ပုံစံ- ၁)



### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်၊

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးထွန်းထွန်းနိုင် | ၀၉ . | ဒေါ်ကြည်ကလင်း |

| ပြည်နယ်/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကကင်ကြီး | ကျေးရွာ သမ္ဘာကုန်းကြီး |
|---|---|---|---|

 က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မြန်မာ | ၉၄ | ဘာသာ (၁) ဗုဒ္ဓ | ၉၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား-၂ ၊ မ-၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၁၂ + မ-၁၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၅၇ | ၁၇၄ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၇၆ | ၁၈. |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဝလီ | ☐ |
| | | | | | | အခြား တက်ကြောင်း | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၁၁/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/အခြား ----------------

မိုးရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ - [illegible]

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပ်ဂိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းဆောင်ရွက်မှု ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) world vision

(၂) ..............................

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးထွန်းဦး |
| | လက်မှတ် ထွန်း နေ့စွဲ ၁၃.၉.၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ကြည်ကလင်း |
| | လက်မှတ် ကလင်း နေ့စွဲ ၁၃.၉.၁၇ |

## ၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)



### ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/သက်တောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ဖြိုးသီတာ . | | |
| နေ့စွဲ | ၂၆. ၉. ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကဗင်းကြီး | ကျေးရွာ သမ္ဘူကုန်းကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၂၄ | ၃၁ | ၅၅ | ဗမာ ၅၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၉.၁၇ | ၂၆.၉.၁၇ | ၂၄ | ၃၁ | ၅၅ | ဗမာ ၅၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၇.၁၀.၁၇ | ၂၇.၁၀.၁၇ | ၁ | ၁ | ၂ | ဗမာ ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | -<br>- |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | -<br>- |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | -<br>- |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | -<br>- |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | -<br>- |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | -<br>- |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | -<br>- |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | -<br>- |

# ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဦးဆောင်သော စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြေစ၊ ပီတာ |

| | |
|---|---|
| နေ့စွဲ ၂၆. ၉. ၂၀၁၇ | ဝက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ ဝက်ဝန်း(၁) ☐ ဝက်ဝန်း(၂) ☑ ဝက်ဝန်း(၃) ☐ ဝက်ဝန်း(၄) |

| | | | |
|---|---|---|---|
| မြစ်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကသင်းကြီး | ကျေးရွာ သင်္ချိုင်းကုန်းကြီး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး မရှိခြင်း | ၁ | ရေ ကြော မပြည့်စုံခြင်း |
| ၂ | နှစ်စဉ် မြစ်ရေလျှံခြင်း | ၂ | အလုပ်အကိုင် ရှားပါးခြင်း |
| ၃ | နှစ်စဉ်လယ်ယာများ ရေမြုပ်ခြင်း | ၃ | လျှပ်စစ်မီး မရှိခြင်း |
| ၄ | ပညာရေးအတွက် ကျောင်းကပ်ပဲ့ မူ [illegible] ရှည်ခြင်း | ၄ | ဆေးပေးခန်း မရှိခြင်း |
| ၅ | အလုပ်အကိုင် ရှားပါးခြင်း | ၅ | ချေးငွေ မလုံလောက်ခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး ရှိရမည်။ | ၁ | ဒိုး၊ ကိတ်တိုက်တာ ပြည့်စုံရမည်။ |
| ၂ | စာကြည့်တိုက် ရှိရမည်။ | ၂ | ဆေးပေးခန်း ရှိရမည်။ |
| ၃ | အလုပ်အကိုင်ပေါများရမည်။ | ၃ | ကျေးရွာလမ်း ကောင်းမွန်ရမည်။ |
| ၄ | ကလေးများ ပညာရေး ကောင်းမွန် ရမည်။ | ၄ | ရေသုံးရေကြော ပြည့်စုံရမည်။ |
| ၅ | ကျေးရွာလမ်း ကောင်းမွန်ရမည်။ | ၅ | အလုပ်အကိုင် ရရှိရမည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဘက်စုံသုံး ခန်းမ. | ကျား + မ | ၁၂၀ သိန်း | (၃၃၁) ဦး |
| | (၃၈'x၄၅'x၁၂') | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မွေးမြူရေး အထောက်အပံ့. | ကျား + မ. | မွေးမြူရေး ကဏ္ဍ |
| ၂ | အသေးစား ဈေးဆိုင်. | မ. | ဈေးဆိုင် ကဏ္ဍ |
| ၃ | စိုက်ပျိုးရေးအတွက် နည်းပညာ သင်တန်းပို့ချ + အထောက်အပံ့. | ကျား | စိုက်ပျိုးရေး ကဏ္ဍ |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး ကောင်းမြင့် ----- လက်မှတ် [illegible] ----- နေ့စွဲ ၂၆.၉.၂၀၁၇

ကော်မတီဝင်၊ ဥဋ္ဌ. ဥဋ္ဌ

၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)



လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်ခွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

လက်မှတ် [signature]

အမည် (၃) ဦး[illegible]

ရက်စွဲ ၂၇.၁၀.၂၀၁၇

(၂) ဒေါ်[illegible]

[signature]

၁၃. အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု - ကဇင်းကြီး**

**ကျေးရွာ - သဲ့မှရာအင်းကြီး**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** ရက်စွဲ ၂၆- ၉-၂၀၁၇

အစည်းအဝေးကို နေ့လည်(၁၀း၀၀) နာရီတွင်စတင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာ အုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းမြိုင်မှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာအုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြသည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်းအဖွဲ့ အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

(၁၀း၁၀) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ် အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နေ့လည် (၁၀း၃၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာ့ဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန် တိကျ သော လျှို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၁း၀၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင် များ၏ တာဝန်ဝတ္တရား များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

နေ့လည် (၁၁း၃၀) နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥတုစွာ ခနစံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ်ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသော အကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှုမရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါသည်။

နေ့လည် (၁၂း၁၅)နာရီတွင် ကျေးရွာဖွံ့ဖြိုးရေး စာအုပ်အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်ထောက် နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ ရှင်းပြခဲ့ပါသည်။ ထို့နောက် သမ္မရာအင်းကြီးကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲ ပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံထည့်သွင်း ဖော်ပြခဲ့ကြပါ သည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်းများ ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက် အရ၊ ဦးစားပေးလုပ်ငန်း (၁)ခုကိုသာ ရရှိခဲ့ပါသည်။

ညနေ (၃း၀၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း)အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ်အေးသီတာ**

## ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ဘက်စုံသုံးခန်းမ | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဖဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |